# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

October 7, 2020 Volume 36, Number 5


**၇.၁၀.၂၀၂၀**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၈၄ US$ |
| မြန်မာ့ရွှေဈေး | = ၁၃၀၈၅၀၀ |
| ဒေါ်လာဈေး | = ၁၃၁၇/- ကျပ် |
| CBM Rate | = ၁၂၉၁.၇ ကျပ် |
| ယူရို တစ်ယူရို | = ၁၅၁၈.၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၅၀.၆၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၆၆၇.၀ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၂၁.၉၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၀.၂၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၇.၆၂၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၁.၅၈ ကျပ် |
| မလေးရှားရင်းဂစ် | =၃၁၀.၆၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၁.၃၆၁ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## လက်ရှိတွင် COVID-19 ရောဂါဖြစ်ပွားမှုအများဆုံးဖြစ်သော ရန်ကုန်တိုင်းဒေသကြီးအတွက်သာမက မြန်မာတစ်နိုင်ငံလုံးအတွက် အခြေခံရိက္ခာလုံလောက်စွာရှိနေကြောင်း ပြည်ထောင်စုဝန်ကြီးပြောကြား

လက်ရှိတွင် COVID-19 ရောဂါဖြစ်ပွားမှုအများဆုံးဖြစ်သော ရန်ကုန်တိုင်းဒေသကြီးအတွက်သာမက မြန်မာတစ်နိုင်ငံလုံးအတွက် အခြေခံရိက္ခာလုံလောက်စွာရှိနေကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းမြင့်ကပြောကြားသည်။ အောက်တိုဘာ ၅ ရက်က ကုန်စည်ပို့ဆောင်မှု အဆင်ပြေချောမွေ့စေရေးနှင့် ကုန်စည်ဝင်/ထွက်မှုအခြေအနေ၊ ကုန်ဈေးနှုန်းများဖြစ်ပေါ်မှုအခြေအနေများနှင့် ကုန်ဈေးနှုန်းတည်ငြိမ်ရေးတို့နှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့်ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် Video Conferencing စနစ်ဖြင့်ကျင်းပစဉ် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ၏ လမ်းညွှန်ချက်အရ အခြေခံရိက္ခာဖြစ်သည့် ဆန်၊ ဆီ၊ ပဲ၊ ကြက်သွန် စသည့်အခြေခံ ရိက္ခာလိုအပ်ချက်များကို သုံးသပ်တွက်ချက်ခဲ့ကြောင်း၊ နိုင်ငံတော်အစိုးရနှင့် ကုန်သည်အသင်းအဖွဲ့များ၏ လက်ဝယ်တွင်အခြေခံရိက္ခာ ပြည့်စုံစွာရှိသည့်အတွက် လက်ရှိ ကိုဗစ်- ၁၉ ရောဂါဖြစ်ပွားမှုအများဆုံးဖြစ်သော ရန်ကုန်တိုင်းဒေသကြီးအတွက်သာမက မြန်မာတစ်နိုင်ငံလုံးအတွက် အခြေခံရိက္ခာပြည့်စုံလုံလောက်စွာရှိနေကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ပြောကြားသည်။

ပြည်သူလူထုအနေဖြင့် စားနပ်ရိက္ခာပြတ်လပ်မည်ကို စိုးရိမ်ပူပန်မှုမရှိစေလိုကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးသို့ အခြားပြည်နယ်နှင့်တိုင်းဒေသကြီးများမှ ကုန်စည်များဝင်ရောက်သကဲ့သို့ ရန်ကုန်တိုင်းဒေသကြီးမှလည်း အခြားပြည်နယ်နှင့်တိုင်းဒေသကြီးများသို့ ကုန်စည်များ ဖြန့်ဖြူးလျက်ရှိကြောင်း၊ လုပ်ငန်းများဆိုင်ရာများပြောသည့်အတွက် အားနည်းချက်၊ ချို့ယွင်းချက်များရှိသော်လည်း အမြန်ဆုံးညှိနှိုင်းပူးပေါင်း ဖြေရှင်းနိုင်ခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ကုန်စည်စီးဆင်းမှု မှန်ကန်ရေး၊ ကုန်စည်မပြတ်လပ်စေရေး၊ ကုန်ဈေးနှုန်းတည်ငြိမ်ရေးအတွက် အခက်အခဲများကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ရန်ကုန်မြို့တွင် ပြည်သူများအား နေအိမ်တွင်သာနေထိုင်စေမည့်အမိန့် ထပ်မံထုတ်ပြန်ရမည်ဆိုပါက မိသားစုများအတွက် နှစ်ပတ်စာခန့်စားသောက်နိုင်သည့်ရိက္ခာခြောက်သာမက ရိက္ခာအစုံများဖြန့်ဖြူးပေးနိုင်ရေး စီစဉ်

ဆောင်ရွက်ထားရန်လိုအပ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးကပြောကြားသည်။ COVID-19 ပထမလှိုင်းကာလ၌ ရိက္ခာဖြန့်ဝေမှုကို အောင်မြင်စွာ လုပ်ဆောင်နိုင်ခဲ့ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် COVID-19 ရောဂါပြန့်ပွားမှုများပြားနေခြင်း၊ လုပ်အားပေးခက်ခဲမှုများ ဖြစ်ပေါ်နေခြင်းကြောင့် လူအများစိုးရိမ်ကြောင့်ကြမှုဖြစ်နေကြောင်း၊ လိုအပ်၍ ရန်ကုန်မြို့တွင် ပြည်သူများအား မိမိနေထိုင်တွင်သာနေထိုင်စေမည့် အမိန့်ထပ်မံထုတ်ပြန်ရမည်ဆိုပါက မိသားစုများအတွက် နှစ်ပတ်စာခန့်စားသောက်နိုင်သည့် ရိက္ခာဖြန့်ဖြူးပေးနိုင်ရေးနှင့် ရိက္ခာခြောက်သာမက ရိက္ခာအစိုများ ဖြန့်ဖြူးပေးနိုင်ရေး စီစဉ်ဆောင်ရွက်ထားရန် လိုအပ်ကြောင်း ၎င်းကဆိုသည်။

COVID-19 ရောဂါကူးစက်မှုများရှိနေချိန်တွင် ပြည်တွင်းရိက္ခာဖူလုံရေးအတွက် ဆန်နှင့်ဆီများကို ကျပ် ၃၈ ဘီလျံ အသုံးပြုကာ နိုင်ငံတော်အစိုးရက အရန်ရိက္ခာအဖြစ်ဝယ်ယူခဲ့ကြောင်းနှင့် အရန်ဆန်အတွက် ဆန်တန်ချိန် ၅၀၀၀၀ နှင့် ဆီတန်ချိန် ၁၂၀၀၀ တို့ ဝယ်ယူခြင်းဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှသိရသည်။

**Source:** https://news-eleven.com/article/194859

## မျိုးဆက်ပျက်သုန်းမည့် အန္တရာယ်ရှိသဖြင့် ကာကွယ်ထားသည့် သဘာဝအပင်များကို သတ်မှတ်ကြေညာခြင်း

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနသည် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေ ပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ) အရ မျိုးဆက်ပျက်သုန်းမည့် အန္တရာယ်ရှိသဖြင့် ကာကွယ်ထားသည့် သဘာဝအပင်များအဖြစ်သတ်မှတ်လိုက်ခြင်းကို သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၁၁ ရက် ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် ၁၁၁၆/၂၀၂၀ ဖြင့် အောက်ပါအတိုင်း သတ်မှတ်ကြေညာလိုက်သည်။

၁။ **လုံးဝကာကွယ်ထားသည့် အပင်မျိုးစိတ်များ**

| **အမှတ်စဉ်** | **အမည်** | **သိပ္ပံအမည်** | **အင်္ဂလိပ်အမည်** |
|---|---|---|---|
| ၁ | သစ်ခွနက် | Paphiopedilum wardii Summerh | ward's Paphiopedilum |
| ၂ | တောင်ဇလပ်နှင်းဆီ | Potentilla montisvictoriae H.Lkeda & H.Ohba | - |
| ၃ | တောင်ဇလပ်ဝါ | Rhododendron burmanicum Hutch | Rhododendron |

၂။ **နေရာဒေသအလိုက်ကာကွယ်ထားသည့် အပင်မျိုးစိတ်များ**

| **အမှတ်စဉ်** | **မြန်မာအမည်** | **သိပ္ပံအမည်** | **အင်္ဂလိပ်အမည်** | **ကာကွယ်ထားသည့် ဒေသ** |
|---|---|---|---|---|
| ၁ | မြန်မာဂျင်ဆင်း | Panax pseudoginseng wall | Myanmar Ginseng | ချင်းနှင့်ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး |
| ၂ | တောင်ဇလပ်နီ | Rhododendron arboretum W.W Sm | Rhododendron | ကချင်နှင့် ချင်းပြည်နယ် |
| ၃ | တောင်ဇလပ်ဖြူ | Rhododendron cuffeanum craib ex Hutch | Rhododendron | ချင်းပြည်နယ် |
| ၄ | ချင်းသစ်ခွ | Renanthera imschootians Rolfe | Chin Orchid | ချင်းပြည်နယ် |
| ၅ | သစ်မင်းဖို | Posocarpus neriifolius D. Don | Brown Pine | ကချင်နှင့် ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီး |

| | | | | |
|---|---|---|---|---|
| ၆ | ဘုမ္မရာဇာ | Rauvplfia serpentins(L.) Benth | Devil Pepper Indian Snakeroot | ပဲခူး၊ မန္တလေးနှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ကရင်၊ ချင်းနှင့် မွန်ပြည်နယ် |
| ၇ | တောင်လုံးကျော်/ ဆားချို | Paris polypylla var.yunnanensis (Franch.) Hand–Mazz | – | ကချင်၊ ချင်းနှင့် ရှမ်းပြည်နယ် |
| ၈ | အုံတုံ | Litsea glutinosa (Lour.)CB.Rob | Bollywood Bollygun | မြန်မာနိုင်ငံတစ်ဝန်းလုံး |
| ၉ | ခရာမွှေး | Elaeocarpus robustus Roxb. | – | ကချင်ပြည်နယ်၊ စစ်ကိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီး |
| ၁၀ | မြေပုစွန်ကွေး | Polygonum paleaceum (Wall.) Yonekura & H. Ohashi | – | ချင်းပြည်နယ် |
| ၁၁ | မချစ်ဥ | Fritillaria roylei Hook. | Yellow Himalayan Fritillary | ကချင်ပြည်နယ် |
| ၁၂ | ခန်းတောက် | Coptis teeta Wall. | Gold thread | ကချင်ပြည်နယ် |
| ၁၃ | ရေခဲတောင် ဂျင်ဆင်း | Panax sp. | – | ကချင်ပြည်နယ် |
| ၁၄ | သစ်ခွမျိုးစိတ်များ | Orchidacese spp | Orchids | မြန်မာနိုင်ငံတစ်ဝန်းလုံး |
| ၁၅ | တမလန်းနွယ် | Dalbergia stipulacea Roxb. | – | မြန်မာနိုင်ငံတစ်ဝန်းလုံး |

TIR

**Source: Myantrade (TIR)**

## သက်တမ်းတိုးလိုက်သည့် နှစ်ပတ်အတွင်း အလုပ်သမားများနှင့် အခြေခံလုပ်သားများ ထောက်ပံ့မှုရရန် အမြန်ဆုံးလုပ်ဆောင်နေ



စက်ရုံ၊ အလုပ်ရုံများ ယာယီပိတ်သိမ်းထားရန် သက်တမ်းတိုးလိုက်သည့် နှစ်ပတ်အတွင်း အလုပ်သမားများနှင့် အခြေခံလုပ်သားများအတွက် ထောက်ပံ့မှုများရရန် စာရင်းကောက်ယူမှုများပြုလုပ်နေပြီး အမြန်ဆုံးပေးအပ်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) အထွေထွေအတွင်းရေးမှူးချုပ် ဦးအေးဝင်းက ပြည်မြန်မာကိုပြောသည်။

ကမ္ဘာ့ကပ်ရောဂါ ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှု မြင့်မားနေသည့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ အားလုံး (ကိုကိုးကျွန်းမပါ) နေအိမ်တွင်နေထိုင်ရေး (Stay at Home) ကြေညာထားပြီး စက်ရုံ ၊ အလုပ်ရုံများကိုလည်း ယခင်

အောက်တိုဘာလ ၇ ရက်မှ အောက်တိုဘာလ ၂၁ ရက်အထိ ယာယီပိတ်သိမ်းထားရန် နှစ်ပတ်ထပ်မံ၍ သက်တမ်းတိုး ထုတ်ပြန်ခဲ့သည်။ "ထောက်ပံ့မှုတွေအတွက် အစိုးရဘက်အပိုင်းမှာ ငွေကလည်း အဆင်သင့်ရှိတယ်။ ရန်ပုံငွေ လွှဲပြောင်း ပေးမယ့် အပိုင်းကိုလည်း ဆုံးဖြတ်ပြီးသား။ Cabinet ကိုလည်း ဖြတ်ပြီးသားပဲ။ အားလုံးအဆင်သင့်ဖြစ်နေပြီ။ ဒါပေမဲ့အစိုးရလုပ်ငန်းက သိတဲ့အတိုင်းပဲ စာရင်းဇယား တိကျမှု နဲ့ ခိုင်မာဖို့က လိုတယ်လေ။ မဟုတ်ရင် အဲဒီလွှဲ ချော်မှုပေါ်မှာမလိုလားအပ်တဲ့ ကိစ္စတွေက အများကြီး ရှိလာနိုင်တယ်ပေါ့နော်။ အဲလို အချက်အလက်တွေ လုပ်နေတဲ့နေရာမှာ နည်းနည်းလေး နှောင့်နှေးကြန့်ကြာနေတာ ရှိပါတယ်။ ဒါပေမဲ့ သက်တမ်းတိုးထားတဲ့ နှစ်ပတ်အတွင်း ပေးအပ်နိုင်အောင်တော့ အမြန်ဆုံးလုပ်ဆောင်နေပါတယ်" ဟု ယင်းကပြောသည်။

လက်ရှိ စက်ရုံ ၊ အလုပ်ရုံများ ယာယီပိတ်သိမ်းထားသည့် ကာလအတွင်း လူမှုဖူလုံရေးကြေး ပေးသွင်းထားသည့် အလုပ် သမားများအနေဖြင့် လုပ်ခလစာ၏ ၄၀ ရာခိုင်နှုန်းကို ထောက်ပံ့မှုရယူနိုင်ကြောင်း ကြေညာထားပြီး လူမှုဖူလုံရေးကြေး မသွင်းထားသည့် အလုပ်သမား ရ သိန်းခန့်အတွက်လည်း တစ်ဦးလျှင် ကျပ် သုံးသောင်းနှုန်းခန့် အစိုးရမှထောက်ပံ့ပေးသွားရန် ကြေညာထားသည်။ "SSB မရှိတဲ့ (လူမှုဖူလုံရေးကြေး မပေးသွင်းထား)လုပ်သားဆိုတဲ့ အပိုင်းမှာတော့ စက်ရုံ၊ အလုပ်ရုံတွေနဲ့ အလုပ်ဌာနတွေမှာ လုပ်တဲ့သူတွေပဲ အဓိကအကျုံးဝင်မယ်။ လက်လုပ်လက်စား အခြေခံလူတန်းစား အဲဒီလူ တွေအတွက်ကို သီးခြားခေါင်းစဉ်နဲ့ ပံ့ပိုးမှာဖြစ်ပါတယ်။ အခြေခံလူတန်းစားတွေကို ထောက်ပံ့ဖို့အတွက် စီးပွားကူးသန်းဝန်ကြီးဌာနနဲ့ ကျွန်တော်တို့အသင်းချုပ်နဲ့ ညှိနှိုင်းဆွေးနွေးထားတာရှိပါတယ်။ အဲမှာ အခြေခံစားသောက်ကုန်ဖြစ်တဲ့ ဆန်၊ ဆီ၊ ဆားတွေကို ဝေမဲ့အစား အားလုံးလိုအပ်သလို အလွယ်တကူအသုံးပြုနိုင်တဲ့ငွေသားတွေ ထောက်ပံ့ဖို့တင်ပြထားတယ်" ဟု ယင်းကပြောသည်။ အလုပ်များ ယာယီပိတ်ထားသည့်ကာလအတွင်းစက်ရုံ ၊ အလုပ်ရုံများမှအလုပ်သမား ထောက်ပံ့မှုများရရှိနိုင်ရန် အလုပ်ရှင်များ ဘက်က မှန်ကန်သည့်စာရင်းများကို တင်ပြပေးရန်လိုအပ်ကြောင်း ၊ လူမှုဖူလုံရေးကြေးပေးသွင်းထားသော်လည်း တချို့လုပ်ငန်း များက စာရင်းလိမ်ထားသောကြောင့် ထောက်ပံ့မှုရရှိမည့် စာရင်းတွင်အချို့အလုပ်သမားများပါဝင်လာခြင်းမရှိကြောင်း သိရ သည်။ "ထောက်ပံ့မှုရဖို့က စက်ရုံတွေက စာရင်းတင်ပေးဖို့လိုတာပေါ့။ အဲ့မှာစိုးရိမ်စရာ တစ်ချက်တော့ ရှိတာပေါ့။ စက်ရုံတွေက တစ်ချို့ကျတော့ လုပ်သက်တော်တော်လေးရနေပြီး လူမှုဖူလုံရေးစာရင်း မဝင်ထားတာရှိတယ်။ စက်ရုံတွေက ဒီလူတွေကို မှန်မှန်ကန်ကန် စာရင်းကောက်ပေးဖို့ လိုတာပေါ့။ နောက်လူမှုဖူလုံရေး ဝင်မထားတဲ့ သူတွေအတွက်ဆိုလည်း ယာယီလုပ်သားတို့ ၊ အစမ်းခန့်တို့ ဒါတွေကိုလည်း စက်ရုံဘက်က စာရင်းတင်ပေးမှ ထောက်ပံ့မှုတွေရရှိနိုင်မှာဖြစ်ပါတယ်" ဟု CCTU (အလုပ်သမား သမဂ္ဂများပူးပေါင်းဆောင်ရွက်ရေးကော်မတီ) အထွေထွေအတွင်းရေးမှူး ဦးရဲနိုင်ဝင်းက ပြည်မြန်မာကိုပြောသည်။

**Source: https://pyimyanmarnews.com/fgjkdfgdiugdjgdifg/**

## COVID-19 ဖြစ်ပွားနေသည့် ကာလအတွင်း လစဉ်ပေးဆောင်ရမည့် လစာဝင်ငွေခွန်များကို သုံးလတစ်ကြိမ် ပေးသွင်းခွင့်ပြုရန် တင်ပြလျှောက်ထားလာပါက ဆောင်ရွက်ပေးမည်ဟု ပြည်တွင်းအခွန်များဦးစီးဌာန အသိပေးကြေညာ




COVID-19 ဖြစ်ပွားနေသည့် ကာလအတွင်း လစဉ်ပေးဆောင် ရမည့် လစာဝင်ငွေခွန်များကို သုံးလတစ်ကြိမ် ပေးသွင်းခွင့်ပြုရန် တင်ပြလျှောက်ထားလာပါက ဆောင်ရွက်ပေးမည်ဟု ပြည်တွင်း အခွန်များဦးစီးဌာနက အသိပေးကြေညာချက်ထုတ်ပြန်ခဲ့သည်။

နိုင်ငံတော်အစိုးရသည် COVID-19 ကြောင့် စီးပွားရေး သက်ရောက်မှုများအပေါ် ကုစားနိုင်ရေးအတွက် COVID-19 Economic Relief Plan အား ပန်းတိုင်ခုနစ်ရပ်ချမှတ် အကောင် အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ အဆိုပါ ပန်းတိုင်ခုနစ်ရပ်မှ ပန်းတိုင် (၂) ဖြစ်သည့် ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်ရေးနှင့် ဘဏ်လုပ်ငန်းကဏ္ဍများအား တိုးတက်အောင်ဆောင်ရွက်ခြင်းဖြင့် ပုဂ္ဂလိက ကဏ္ဍများအပေါ် အကျိုးသက်ရောက်မှုများကို

ဖြေလျှော့ပေးခြင်းကဏ္ဍ၏ မဟာဗျူဟာတစ်ရပ်ဖြစ်သော ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများအပေါ် သက်ရောက်မှုများ ဖြေလျှော့ပေးခြင်းများတွင် ပြည်တွင်းအခွန်များ ဦးစီးဌာနအနေဖြင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ COVID-19 Economic Relief Plan သည် CMP လုပ်ငန်းများ၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းများ၊ အသေးစား အလတ်စား စီးပွားရေးလုပ်ငန်းများအပေါ် အကျိုးသက်ရောက်သည်။ ပြည်တွင်းအခွန်များ ဦးစီးဌာနအနေဖြင့် အခွန်ပေးဆောင်ရမည့်ရက် တိုးမြှင့်သတ်မှတ်ပေးရာတွင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း သုံးလတစ်ကြိမ်ပေးဆောင်ရမည့် ဝင်ငွေခွန်နှင့် လစဉ်ပေးဆောင်ရမည့် ကုန်သွယ်လုပ်ငန်းခွန်တို့နှင့် ပတ်သက်၍ တည်ဆဲအခွန်ဆိုင်ရာ ဥပဒေများနှင့်အညီ အခွန်ပေးဆောင်ရမည့်ရက်ကို တိုးမြှင့်သတ်မှတ်ပေးခဲ့သည်။

ယင်းတို့မှာ အခွန်ပေးဆောင်ရမည့်ရက်ကို စက်တင်ဘာ ၃၀ ရက်အထိ တိုးမြှင့်ပေးခြင်း (စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ မတ် ၁၈ ရက် နေ့စွဲပါ ကြေညာချက် အမှတ် ၁/၂၀၂၀)၊ အခွန် ပေးဆောင်ရမည့်ရက်အား ဒီဇင်ဘာ ၃၁ ရက်အထိ ထပ်မံတိုးမြှင့်ပေးခြင်း (စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ စက်တင်ဘာ ၇ ရက် နေ့စွဲပါ ကြေညာချက် အမှတ် ၃/၂၀၂၀) တို့ဖြစ်သည်။ ထို့အတူ ပြည်ပပို့ကုန်အပေါ် ကြိုတင်ဝင်ငွေခွန် နှစ်ရာခိုင်နှုန်းကောက်ခံခြင်း ဖြေလျှော့ပေးခြင်းနှင့် ပတ်သက်၍ စက်တင်ဘာ ၃၀ ရက်အထိ ကင်းလွတ်ခွင့်ပြုခြင်း (စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ မတ် ၂၄ ရက် နေ့စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၃၈/၂၀၂၀)၊ ဒီဇင်ဘာ ၃၁ ရက်အထိ ထပ်မံ၍ ကင်းလွတ်ခွင့်ပြုခြင်း (စီမံကိန်းနှင့် ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ စက်တင်ဘာ ၁၅ ရက် နေ့စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၁၀၃/ ၂၀၂၀) တို့ဖြစ်သည်။ ထို့ပြင် ဇွန် ၁၇ ရက် နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၆၅/၂၀၂၀ ဖြင့် အခွန်ဆိုင်ရာ ခုနှိမ်ခွင့်များပေးခြင်းနှင့် အသုံးစရိတ်များ တိုးမြှင့်ခွင့်ပြုခြင်း အနေဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ထပ်တိုးပေးချေရသည့် လုပ်ခ၊ လစာအပေါ် ပြန်အမ်းငွေ ရပိုင်ခွင့်မရှိသည့် အခွန်ခုနှိမ်ခွင့် ၁၀ ရာခိုင်နှုန်းခွင့်ပြုခြင်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ထပ်တိုးပေးချေရသည့် လုပ်ခ၊ လစာအပေါ် အသုံးစရိတ်အဖြစ် တိုးမြှင့်နုတ်ပယ်ခွင့် ၁၂၅ ရာခိုင်နှုန်းခွင့်ပြုခြင်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း မ-တည် အပိုင်ပစ္စည်း (Capital Equipment) များတွင် ထပ်တိုးရင်းနှီးမြှုပ်နှံမှုအတွက် ပြန်အမ်းငွေရပိုင်ခွင့်မရှိသည့် အခွန်ခုနှိမ်ခွင့် ၁၀ ရာခိုင်နှုန်း ခွင့်ပြုခြင်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း မ-တည်အပိုင်ပစ္စည်း (Capital Equipments) များတွင် ထပ်တိုး ရင်းနှီးမြှုပ်နှံမှု အတွက် တန်ဖိုးလျှော့စရိတ်ကို တိုးမြှင့်နုတ်ပယ်ခွင့် ၁၂၅ ရာခိုင်နှုန်း ခွင့်ပြုခြင်းတို့ ဖြစ်သည်။

ပြည်တွင်းအခွန်များဦးစီးဌာန၏ ထပ်မံဖြေလျှော့ပေးမှုများအနေဖြင့် COVID-19 Economic Relief Plan တွင် ပါဝင်ခြင်း မရှိသော်လည်း ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် COVID-19 ဖြစ်ပွားနေသည့် ကာလအတွင်း အထူးဖြေလျှော့သောအားဖြင့် လစဉ်ပေးဆောင်ရမည့် လစာဝင်ငွေခွန်များကို သုံးလတစ်ကြိမ်ပေးသွင်းခွင့်ပြုပါရန် တင်ပြလျှောက်ထားလာပါက ဆောင်ရွက်ပေးနိုင်စေရေးအတွက် ညွှန်ကြားထားရှိပြီးဖြစ်သည်။ ထိုသို့တင်ပြ လျှောက်ထားလာမှုများအပေါ် အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှု ဥပဒေ ပုဒ်မ ၆၄၊ ပုဒ်မခွဲ (ဈ) အရ ဒဏ်ကြေးငွေတပ်ရိုက်မည်မဟုတ်ကြောင်း ပြည်တွင်းအခွန်များဦးစီးဌာနက အသိပေး ကြေညာထားသည်။

**Source:** https://news-eleven.com/article/194903

## ဆောက်လုပ်ရေးလုပ်ငန်းများ၏ ၁၀ ရာခိုင်နှုန်းကို ရန်ကုန်တိုင်းအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့်ခွင့်ပြုမည်

သတ်မှတ်ချက်ကိုက်ညီသော ဆောက်လုပ်ရေးလုပ်ငန်းများ၏ ၁၀ ရာခိုင်နှုန်းကို ရန်ကုန်တိုင်း အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ခွင့်ပြုမည်ဟု COVID-19 ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေး အမျိုးသားအဆင့် ဗဟိုကော်မတီက အောက်တိုဘာ ၄ ရက်တွင် ညွှန်ကြားသည်။ Bored Pile တူးခြင်း၊ အမိုးမိုးခြင်းစသည့်လုပ်ငန်းများအပါအဝင် အချို့လုပ်ငန်းများသည် ခေတ္တရပ်ဆိုင်းမရဘဲ အဆုံးထိဆောင်ရွက်ရခြင်းနှင့် အချို့လုပ်ငန်းများသည် ရေတက်ရေကျ အခြေအနေပေါ်မူတည်၍ ဆောင်ရွက်ရသည်များရှိ၍ ထိုလုပ်ငန်းများကို ပြန်လည်လုပ်ကိုင်ခွင့်ပြုရန် ရန်ကုန်တိုင်းအစိုးရက ဗဟိုကော်မတီထံတင်ပြခဲ့ခြင်းဖြစ်သည်။ ထို့အပြင် အချို့လုပ်ငန်းများသည် ခြံဝင်းအတွင်း အင်ဂျင်နီယာနှင့်လုပ်သားများ အပြင်မထွက်ဘဲ လုပ်ငန်းပြီးစီးသည်အထိ ဆောင်ရွက်နိုင်သဖြင့် ဆောက်လုပ်ရေးလုပ်ငန်းများ၏ ၁၀ ရာခိုင်နှုန်းကို တိုင်းအစိုးရ၏ကြီးကြပ်မှုဖြင့် ပြန်လည်ခွင့်ပြုသင့်သည်ဟု တင်ပြခဲ့ခြင်း ဖြစ်သည်။

ထို့အပြင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ အမိန့်ညွှန်ကြားချက်များကိုလည်း တိကျစွာလိုက်နာမည်ဆိုပါက ခွင့်ပြုသင့်သည်ဟုတင်ပြခဲ့၍ ဗဟိုကော်မတီက ခွင့်ပြုပေးခဲ့ခြင်းဖြစ်သည်။ "အခုက ရန်ကုန်တိုင်းထဲမှာ ရပ်ထားတဲ့ လုပ်ငန်းတွေဖြစ်လို့ ရန်ကုန်တိုင်းအတွက် ခွင့်ပြုပေးဖို့ပါပဲ"ဟု ရန်ကုန်တိုင်း ဆောက်လုပ်ရေးကြီးကြပ်မှုကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးမျိုးမြင့်ကပြောသည်။ လက်ရှိကာလတွင် COVID – 19 ကပ်ရောဂါဖြစ်ပွားမှု မြင့်တက်နေ၍ သတ်မှတ်ချက်နှင့်ကိုက်ညီပြီး မဖြစ်မနေဆောင်ရွက်ရမည့်လုပ်ငန်းမျိုးသာ ခွင့်ပြုချက်တောင်းခံသင့်ကြောင်းနှင့် သတ်မှတ်ချက်ဖြင့်ကိုက်ညီသော်လည်း လုပ်ငန်းရပ်ဆိုင်းထားရပါက ဆက်လက်ရပ်နားခြင်းသာ အကောင်းဆုံးဖြစ်သည်ဟု မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်အသင်းက တိုက်တွန်းထားသည်။

**Source:** https://7day.news/detail?id=201236

## COVID-19 သက်ရောက်နေမှုကြောင့် လယ်ယာသားငါးကဏ္ဍ၊ စက်မှုဇုန်လုပ်ငန်း၊ ဒီဂျစ်တယ် စီးပွားရေးလုပ်ငန်းများနှင့် ကျန်းမာရေးလုပ်ငန်းများကို ပြည်တွင်း၌အလုပ်အကိုင်ရရှိရေးအတွက် ဦးစားပေးရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအဖြစ် ဆောင်ရွက်မည်



COVID-19 သက်ရောက်မှုများကြောင့် လယ်ယာသားငါးကဏ္ဍ၊ စက်မှုဇုန်လုပ်ငန်းများ၊ ဒီဂျစ်တယ်စီးပွားရေးလုပ်ငန်းများနှင့် ကျန်းမာရေးလုပ်ငန်းများကို ပြည်တွင်းအလုပ်အကိုင်ရရှိရေးအတွက် ဦးစားပေးရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအဖြစ် ဆောင်ရွက်မည်ဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှသိရသည်။ " ရင်းနှီးမြှုပ်နှံမှုကော်မရှင်ရဲ့ ကိုဗစ်ဖြစ်လာတဲ့အချိန်မှာ ချထားတဲ့အရေးပေါ်ပေါ့၊ CERP အစီအစဉ်မတိုင်ခင်လေးမှာ ထုတ်ပြန်ထားချက်ရှိပါတယ်။ လယ်ယာသားငါးလုပ်ငန်းတွေ၊ နောက်ပြီး စက်မှုဇုန်လုပ်ငန်းတွေ ဒီဂျစ်တယ်စီးပွားရေးလုပ်ငန်းတွေ ကျန်းမာရေးလုပ်ငန်းတွေဆိုပြီးလေးချက်ပေါ့။ အဲဒါကိုကြည့်ရင်သိနိုင်ပါတယ်။ စက်မှုဇုန်လုပ်ငန်းတွေ ဖော်ဆောင်တယ်ဆိုတာ အလုပ်အကိုင်ရရှိဖို့လို့ဖြစ်ပါတယ်" ဟု ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်က သတင်းစာရှင်းလင်းပွဲတွင်ပြောကြားခဲ့သည်။ " လာမယ့်နှစ်မှာလည်း အလုပ်အကိုင်ရရှိရေးကို ဖော်ဆောင်သွားဖို့ ဦးတည်ဆောင်ရွက်နေပါတယ်။ ဒါပေမဲ့ MIPP ကို Review လုပ်မယ့်အချက်ရယ် ကိုဗစ်ဖြစ်လာတဲ့အချိန်မှာထားတဲ ့တားဂတ် လေးခုရယ်၊ နောက်ဆုံး အချက်ကိုကြည့်ရင် ဒီဂျစ်တယ်စီးပွားရေးလုပ်ငန်းများကို တွေ့ရမှာဖြစ်ပါတယ်။ ဒီဂျစ်တယ်စီးပွားရေးလုပ်ငန်းများကိုလည်း ကျွန်တော်တို့နိုင်ငံရဲ့အခြေအနေကိုမူတည်ပြီးတော့မှ ရနိုင်သမျှ တိုးချဲ့ဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

မြန်မာနိုင်ငံတွင် လုပ်သားအခြေပြုလုပ်ငန်းကို ၂၀၁၂ ခုနှစ်ခန့်တွင် အီးယူ၏ EBA (Everything But Arms) မူဝါဒအရ CMP အထည်ချုပ်လုပ်ငန်းများကို တိုးမြှင့်လုပ်ကိုင်ခဲ့ကြောင်း၊ မြန်မာနိုင်ငံ၏အခြေအနေအရ လုပ်သားများအလုပ်အကိုင်ရရှိရေးကို ဦးတည်ဆောင်ရွက်နေသည်။ လက်ရှိဖြစ်ပွားနေသည့် COVID-19 ကြောင့် ပြည်ပမှကုန်ကြမ်းပေးကုန်ချောယူ ဆောင်ရွက်နေရသည့် အထည်ချုပ်လုပ်ငန်းများတွင် ထိခိုက်များစွာဖြစ်ပေါ်ခဲ့သည်။ သို့ဖြစ်ရာ CERP အရဖြစ်စေ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် အလုပ်အကိုင်ရရှိရေးအတွက် စက်မှုဇုန်များဖော်ဆောင်ရေးကို ဦးတည်ဆောင်ရွက်နေကြောင်းလည်းသိရသည်။

COVID-19 ကြောင့် အသွားအလာကန့်သတ်ထားသဖြင့် အချို့လုပ်ငန်းများ ဝင်ရောက်ရန်ရှိသော်လည်း ခွင့်ပြုမပေးနိုင်ခဲ့သဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် မြန်မာနိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလျာထားချက် ပြည့်မီခြင်းမရှိဘဲ လျော့ကျ ခဲ့ကြောင်း အောက်တိုဘာ ၂ ရက်က Zoom Meeting ဖြင့် ကျင်းပသည့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏သတင်းစာရှင်းလင်းပွဲမှ သိရသည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံအတွင်းသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏဒေါ်လာ ၅ ဒသမ ၈ ဘီလျံရရှိရန် လျာထားခဲ့သော်လည်း ဒေါ်လာ ၅ ဒသမ ၆၈ ဘီလျံသာ ဝင်ရောက်ခဲ့ကြောင်းသိရသည်။ " အမှန်အတိုင်းပြောရင် ဒီနှစ်ထဲမှာလည်း

တာဂတ်ကိုပြည့်မီဖို့လိုပဲဖြစ်ပါတယ်။ သို့သော်လည်း COVID-19 ဖြစ်ပွားနေတဲ့ အခြေအနေအရ ရင်းနှီးမြှုပ်နှံသူများက သွားရလာရ ကန့်သတ်ချက်ရှိခြင်း၊ သက်ဆိုင်ရာ နယ်မြေဆင်းပြီးတော့မှ လုပ်ဆောင်ရာမှာ ကန့်သတ်ချက်ရှိခြင်း ထို့အတူပဲ ရန်ကုန်နဲ့နေပြည်တော် များသောအားဖြင့် နေပြည်တော်မှာအစိုးရရုံးစိုက်တာဖြစ်တဲ့အတွက် အသွားအလာအခက်အခဲများရှိတာ ဖြစ်တဲ့အတွက် အချို့လုပ်ငန်းတွေဟာ ဝင်ရောက်ဖို့လို အစီအစဉ်ရှိပေမဲ့ မဝင်ရောက်သေးတာပဲဖြစ်ပါတယ်" ဟု ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်ကပြောကြားသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာ ၄ ဒသမ ၅၂ ဘီလျံဝင်ရောက်ခဲ့သည်။ ၂၀၃၀ခုနှစ်တွင် မြန်မာနိုင်ငံသည် ဝင်ငွေအလယ်အလတ် အဆင့်ရှိသည့်နိုင်ငံ ဖြစ်လာစေရန် ရည်ရွယ်၍ နှစ် ၂၀ ကြာ ဆောင်ရွက်မည့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးစီမံကိန်းအား အကောင်အထည်ဖော်လျက်ရှိသည်။

**Source:** https://news-eleven.com/article/194853

## အစိုးရက အခြေခံဈေးဖြင့် စပါးဝယ်ရန်ပြင်ဆင်နေကြောင်း ဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌပြော

COVID-19 ကပ်ရောဂါကြောင့် သယ်ယူပို့ဆောင်ရေး အခက်ကြုံနေချိန်တွင် အခြေခံရည်ညွှန်းဈေးနှုန်းဖြင့် စပါးဝယ်ယူရေး အစီအစဉ်ကို အမြန်ဆုံးအကောင်အထည်ဖော်ရန် အစိုးရကစီစဉ်နေကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်က ပြောသည်။ ပြီးခဲ့သည့် ဇူလိုင်က ထုတ်ပြန်ကြေညာထားသည့် အစိုဓာတ် ၁၄ ရာခိုင်နှုန်းရှိသော စပါးတင်း ၁၀၀ ကို ၅၂၀,၀၀၀ ကျပ်ဖြင့်ဝယ်ယူရန် အစိုးရက ပြင်ဆင်နေသည်။

ဆန်စပါးအဓိက စိုက်ပျိုးထုတ်လုပ်သော တိုင်းနှင့်ပြည်နယ်များမှဝန်ကြီးများ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ တာဝန်ရှိသူများသည် အခြေခံဈေးဖြင့် စပါးဝယ်ယူရေးအတွက် အစည်းအဝေး ပြုလုပ်ခဲ့သည်။ "ဒီရက်ပိုင်းအတွင်းမှာ ဝယ်ယူရေး တင်ဒါကို ထုတ်ပြန်ကြေညာပါလိမ့်မယ်"ဟု ဦးရဲမင်းအောင်ကပြောသည်။ ဆန်စပါး အဓိကစိုက်ပျိုးသော တိုင်းနှင့် ပြည်နယ်များမှ ဆန်စက်ပိုင်ရှင်များကို အစိုးရကဆန်တင်ဒါချထားပေးပြီး စက်ပိုင်များက လယ်သမားများထံမှ စပါး တင်း ၁၀၀ လျှင် ၅၂၀,၀၀၀ ကျပ်ဖြင့် ဝယ်ယူရမည်ဖြစ်သည်။ ထို စပါးကို ဆန်စက်များတွင် ကြိတ်ခွဲပြီးနောက် တင်ဒါစနစ်ဖြင့် အစိုးရကို ဆန်ပြန်လည် ရောင်းချရသောစနစ်ဖြစ်သည်။

လက်ရှိတွင် မိုးစပါးအသစ်များ စတင်ပေါ်ထွက်နေရာ စပါးဈေးသည် လယ်ကွင်းထဲတွင်ရိတ်သိမ်းပြီး စပါးတင်းတစ်ရာ ၄၇၀,၀၀၀ ကျပ်ဝန်းကျင်သာ ဈေးရှိပြီး အစိုဓာတ် ၁၄ ရာခိုင်နှုန်းရှိသော စပါးများမှာ ဆန်စက်အရောက် ဈေးနှုန်း ၅၃၀,၀၀၀ ကျပ်ဝန်းကျင်ဈေးရှိကြောင်း ပဲခူးတိုင်းအရှေ့ခြမ်း ဆန်စက်လုပ်ငန်းရှင် များအသင်း အတွင်းရေးမှူး ဦးကျော်စိုးမိုးကပြောသည်။ သို့သော် ဒေသစုံမှစပါးအ ထွက်များလာလျှင် ဈေးနှုန်းထပ်မံကျဆင်းနိုင်သည်ဟု ၎င်းကဆိုသည်။ "အစိုးရက စပါးပေါ်ချိန် အချိန်မီဝယ်ပေးမယ်ဆိုရင် လယ်သမားအတွက် အဆင်ပြေနိုင်ပါတယ်"ဟုကျောက်ကုန်းမြို့နယ်မှ လယ်သမားဦးပြုံးက ပြောသည်။ ထို့အပြင် COVID-19 ကပ်ရောဂါထိန်းချုပ်ရေးကြောင့် ကုန်စည်သယ်ယူပို့ဆောင်ရေးတွင် အခက်အခဲများ ရှိနေသဖြင့် ရိတ်သိမ်းပြီး စပါးများရောင်းရာတွင် ဈေးကျဆင်းမည်ကို တောင်သူများက စိုးရိမ်နေကြောင်း ၎င်းကပြောသည်။

၂၀၁၈ ကစတင်ပြီး အခြေခံရည်ညွှန်းစပါးဈေးနှုန်းကို အစိုးရက သတ်မှတ်ကြေညာခဲ့သည်။ တောင်သူလယ်သမားများ စပါးပေါ်ချိန်တွင် ဈေးနှုန်းများစွာ ကျဆင်းခြင်းမဖြစ်စေရန် အစိုးရက ကြားဝင်ဝယ်ယူပေးမည့် အစီအစဉ်ဖြစ်သည်။ ပြီးခဲ့သည့် ၂၀၁၉ မိုးစပါးပေါ်ချိန်တွင် စပါးဈေးကျဆင်းခဲ့ခြင်းကြောင့် အစိုးရက ဧရာဝတီ၊ ပဲခူးနှင့်ရန်ကုန်တိုင်းတို့တွင် အခြေခံဈေးဖြင့် တောင်သူလယ်သမားများထံမှ စပါးဝယ်ယူပေးခဲ့သည်။ သို့သော် စပါးရိတ်သိမ်းချိန်ထက် နောက်ကျပြီး ဝယ်ခဲ့ခြင်းကြောင့် တောင်သူလယ်သမားအများစု အခက်အခဲကြုံခဲ့ရ၍ ယခုနှစ်တွင် စပါးရိတ်သိမ်းချိန်အမီ ဝယ်ယူနိုင်မည်ဟု တောင်သူလယ်သမား များက မျှော်လင့်နေသည်။ မြန်မာနိုင်ငံတွင် ဆန်စပါး စိုက်ဧက သန်း ၂၀ ခန့်ရှိပြီး မိုးစပါးဧက ၁၆ သန်းကျော် စိုက်ပျိုးကာ နှစ်စဉ် မိုးစပါးအထွက်နှုန်းပျမ်းမျှတန်ချိန် ၁၉ သန်းခွဲခန့်ရှိ သည်။

**Source: https://7day.news/detail?id=201237**

## ပခုက္ကူခရိုင်အတွင်း ရောဝတီနှင့်ချင်းတွင်းမြစ်ရေ ပြန်လည်မြင့်တက်လာပြီး မြစ်ကမ်းနံဘေးစိုက်ခင်းများ ရေနစ်မြုပ်မှုကြောင့် ကြက်သွန်၊ ငရုတ်၊ မြေပဲနှင့် ခရမ်းစိုက်ခင်းများပျက်စီး



ပခုက္ကူခရိုင်အတွင်း ရောဝတီနှင့်ချင်းတွင်းမြစ်ရေမှာ အောက်တိုဘာလဆန်းပိုင်းမှစ၍ ပြန်လည်မြင့်တက်လာခဲ့ပြီး မြစ်ကမ်းဘေးရှိ ကြက်သွန်၊ ငရုတ်၊ မြေပဲနှင့် ခရမ်းစိုက်ခင်းများမှာ ရေနစ်မြုပ်မှုကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်နေကြောင်း တောင်သူများထံမှသိရသည်။ ပြီးခဲ့သည့် စက်တင်ဘာလ မြစ်ရေကျဆင်းပြီးနောက် စတင်စိုက်ပျိုးခဲ့သည့် ရေစကြိုမြို့နယ်အတွင်း ချင်းတွင်းနှင့် ရောဝတီမြစ်ကမ်းဘေးရှိ ကြက်သွန်၊ မြေပဲ၊ ငရုတ်စိုက်ခင်းများ၏ ထက်ဝက်ခန့်မှာ မြစ်ရေပြန်လည်မြင့်တက်လာပြီး ရေနစ်မြုပ်မှုကြောင့် ပျက်စီးမှု ကြုံတွေ့နေရသည်။

စိုက်ပျိုးစရိတ်ကြီးမားပြီး အပင်စတင်ဖြစ်ထွန်းနေပြီဖြစ်သည့် ကြက်သွန်စိုက်ခင်းများမှာ သုံးပုံနှစ်ပုံခန့်ထိ ရေနစ်မြုပ်ခဲ့ပြီး အပင်ဆက်လက်ဖြစ်ထွန်းရန် မလွယ်ကူတော့ကြောင်းနှင့် တစ်ဧကလျှင် ကျပ်ငါးသိန်းမှ ခုနစ်သိန်းခန့်အထိ ကုန်ကျသည့် စိုက်ပျိုးစရိတ်များ ဆုံးရှုံးခဲ့ကြောင်းသိရသည်။ "ပြီးခဲ့တဲ့လ ရေကျပြီးတဲ့နောက် ထွန်ယက်ပြီး စိုက်ကြတာပဲ။ အစိုက်စောတဲ့သူက ရက် ၂၀ သားလောက်ရနေပြီ။ အစိုက်နောက်ကျတဲ့သူက ၁၅ ရက်သားလောက်ရနေပြီ။ ကြက်သွန်အပင်ကလည်း တစ်ထွာတစ်မိုက် ထွက်နေပြီ။ အခု ရေတက်လာပြီး စိုက်ခင်းတွေမြုပ်သွားတယ်။ ကျွန်တော်ဆိုရင် လေးဧကခွဲလောက် ရေမြုပ်သွားတယ်။ ကြက်သွန်က ရေမြုပ်သွားရင် အပင်သေတာပဲ။ ဥကို မြေထဲမြုပ်စိုက်တာဖြစ်တဲ့အတွက် ရေမြုပ်သွားရင် ဥပုပ်တယ်။ တချို့စိုက်ပြီး စသမားတွေလည်း ရသမျှ ပြန်လိုက်နှုတ်နေကြတယ်။ တစ်ဧကစိုက်ရင် မျိုးတစ်ပိဿာ ၂၀၀၀ နဲ့ ပိဿာ ၂၀၀ လောက်ကုန်တယ်။ ထွန်ယက်ခ ခုနစ်သောင်း ကုန်တယ်။ မြေဆီဖိုး တစ်သိန်းကုန်တယ်။ စိုက်စရိတ်က တစ်သိန်းလောက်ကုန်တယ်။ လက်ရှိ ရေမြုပ်လိုက်တဲ့အတွက် ရင်းထားတာတွေ အကုန်ဆုံးရှုံးတာပဲ" ဟု ရေစကြိုမြို့နယ် ကျော်ထင်ကုန်းကျေးရွာမှ ကိုဘိုညီက ဆိုသည်။

ကြက်သွန်စိုက်ပျိုးရေးလုပ်ငန်းမှာ ရေစကြိုမြို့နယ် မြစ်ကမ်းဘေးတောင်သူများ၏ အဓိကစိုက်ပျိုးလုပ်ငန်းဖြစ်ပြီး မြစ်ရေပြန်ကျဆင်းချိန်တွင် မျိုးဝယ်ယူရခက်ခဲခြင်း၊ မြေပြန်လည်ပြုပြင်ရန် အချိန်မလုံလောက်ခြင်းနှင့် ပြန်လည်စိုက်ပျိုးပါက ကြက်သွန်အထွက်လျော့နည်းခြင်းများ ကြုံတွေ့မည်ဖြစ်ကြောင်း တောင်သူများထံမှသိရသည်။ ပခုက္ကူမြို့နယ်အတွင်း မြစ်ကမ်းဘေးနှင့် ရေလယ်ကျွန်းကျေးရွာများမှ စိုက်ခင်းများတွင်လည်း မြစ်ရေဝင်နစ်မြုပ်မှုများဖြစ်ပေါ်ခဲ့ပြီး ရာသီစာသီးနှံဖြစ်သည့် ခရမ်းစိုက်ခင်းများ ပျက်စီးဆုံးရှုံးကြောင်း တောင်သူများထံမှသိရသည်။ "မြစ်ကမ်းဘေးနဲ့ ကျွန်းမြေတွေမှာ ခရမ်းတွေက စိုက်ပြီးပြီ။ ခရမ်းက ရေမကြိုက်ဘူး။ မိုးရွာလို့ ရေသုံးနာရီလောက် အိုင်တာတောင် ဘာမှမထိခိုက်ပေမဲ့ အခုလို နှစ်ရက်သုံးရက်လောက် မြစ်ရေမြုပ်ရင် အပင်သေတာပဲ။ ရေပြန်ကျပြီဆိုတာနဲ့ အပင်ကညှိုးခြောက်ပြီးသေတာ။ တောင်သူကတော့ ဆောင်းအမီပြန်စိုက်ရမှာပဲ။ စိုက်စရိတ်တော့ နှစ်ခါကုန်တာပေါ့" ဟု ပခုက္ကူမြို့နယ် ကုက္ကိုလုကျေးရွာမှ ကိုမြင့်အောင်ကပြောကြားသည်။ ပခုက္ကူမြို့အနီး ရောဝတီမြစ်ရေမှာ ယခုနှစ် ရေတက်ကာလ၌ စိုးရိမ်ရေမှတ် ၂၁၅၀ စင်တီမီတာအထက်တစ်ကြိမ် ကျော်လွန်ရောက်ရှိပြီး စိုးရိမ်ရေအမှတ်အနီးသို့ နှစ်ကြိမ်ရောက်ရှိခဲ့ကြောင်းသိရသည်။

**Source:** https://news-eleven.com/article/194889

## COVID-19 ကာလ မြဝတီနယ်စပ်ကုန်သွယ်ရေး အကန့်အသတ်များရှိသော်လည်း ကုန်သွယ်မှု လျော့ကျသွားခြင်းမရှိဘဲ အမေရိကန်ဒေါ်လာ ၁၁၉၂ ဒသမ ၁၆၀ သန်း ကုန်သွယ်နိုင်ခဲ့

မြန်မာ-ထိုင်းနယ်စပ် မြဝတီကုန်သွယ်ရေးဇုန်မှ COVID-19 ကာလ ကုန်စည်စီးဆင်းမှုအတွက် အကန့်အသတ်များရှိသော်လည်း ကုန်သွယ်မှုပမာဏ လျော့ကျသွားခြင်းမရှိဘဲ ဘဏ္ဍာနှစ်ကုန်ရန် ငါးရက်အလိုထိ အမေရိကန်ဒေါ်လာ ၁၁၉၂ ဒသမ ၁၆၀ သန်း ကုန်သွယ်နိုင်ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဌာနမှ ထုတ်ပြန်သောစာရင်းများအရသိရသည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ စက်တင်ဘာ ၂၅ ရက်ထိ အမေရိကန်ဒေါ်လာ ၁၁၉၂ ဒသမ ၁၆၀ သန်း ကုန်သွယ်နိုင်ခဲ့သည့်

အတွက် ယခင်နှစ်ကာလတူက ကုန်သွယ်ခဲ့သည့် အမေရိကန်ဒေါ်လာ ၉၅၀ ဒသမ ၈၄၁ သန်းနှင့် နှိုင်းယှဉ်ပါက အမေရိကန်ဒေါ်လာ၂၄၁ ဒသမ ၃၁၉ သန်း ပိုမိုကုန်သွယ်ထားနိုင်ကြောင်းသိရသည်။

မြဝတီနယ်စပ်ကုန်သွယ်ရေးစခန်းမှ ကုန်သွယ်မှုပမာဏမှာ ယခင်နှစ်ကာလတူကထက် အမေရိကန်ဒေါ်လာသန်း၂၄၀ ကျော် မြင့်တက်လာသော်လည်း သွင်းကုန်ပစ္စည်းများ မှာပုံမှန်ထက်လျော့နည်းခဲ့ပြီး ထိုင်းနိုင်ငံဘက်သို့တင်ပို့သည့် မြန်မာလယ်ယာထွက်ကုန် ပြောင်းဆန်များမှာ ယခင်နှစ်ကထက် ပိုမိုတင်ပို့ခဲ့ကြောင်းသိရသည်။ မြဝတီခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်က ယခင်က ပို့ကုန်မှာ သွင်းကုန်နှင့်ယှဉ်လျှင် ငါးရာခိုင်နှုန်းခန့်သာရှိခဲ့သော်လည်း COVID ကာလမှာ ဩဂုတ်လကုန်ထိ ပို့ကုန် မြင့်တက်ခဲ့သည့်အတွက် ကုန်သွယ်မှု ပိုမိုမြင့်တက်လာခဲ့သည်ဟုပြောကြားသည်။ “COVID ကာလမှာ သွင်းကုန်ရာခိုင်နှုန်း ကျတယ်။ ပို့ကုန်ကတော့ မြင့်လာတယ်။ ယခင် ငါးရာခိုင်နှုန်းကနေ ၄၀ ရာခိုင်နှုန်းထိ မြင့်တက်လာတယ်။ သွင်းကုန်ကတော့ ပြည်တွင်းမှာ COVID ကြောင့် ကုန်ပစ္စည်းဝယ်လိုအား လျော့ကျနေတဲ့အတွက် သွင်းကုန်ပမာဏမှာ ရာခိုင်နှုန်းအားဖြင့် လျော့နည်းသွားတာဖြစ်ပါတယ်။ သို့သော်လည်း အခွန်ကင်းလွတ်ခွင့်ရတဲ့ ဩဂုတ်လကုန်ထိတော့ ပြောင်းဆန်တင်ပို့မှုမှာ ယခင်နှစ်တွေထက် သိသိသာသာ မြင့်တက်လာခဲ့တာ တွေ့ရပါတယ်” ဟု ၎င်းကပြောကြားသည်။

မြဝတီနယ်စပ်မှ ထိုင်းနိုင်ငံဘက်သို့ မြန်မာလယ်ယာထွက်ကုန် ပြောင်း၊ ပဲ၊ ကြက်သွန်၊ ငရုပ်နှင့် CMP ချုပ်ထည်များ တင်ပို့မှုမှာ စက်တင်ဘာ ၂၅ ရက်ထိ အမေရိကန်ဒေါ်လာ ၃၈၀ ဒသမ ၀၇၅ သန်း ထိတင်ပို့နိုင်သည့်အတွက် ယခင်နှစ်ကာလတူထက်ဒေါ်လာ ၁၇၁ ဒသမ ၃၃ရသန် းပိုမိုတင်ပို့နိုင်ခဲ့ကြောင်းသိရသည်။ ထို့အတူ ပြည်တွင်းဈေးကွက်၌ ဝယ်လိုအား လျော့ကျနေသော ထိုင်းကုန်စည်များ တင်သွင်းမှာ ရာခိုင်နှုန်းအားဖြင့် လျော့ကျနေသော်လည်းလည်း ၁၁ လကျော်အတွင်း အမေရိကန်ဒေါ်လာ ၈၁၂ ဒသမ ၀၈၅ သန်းဖိုးထိ တင်သွင်းထားသည့်အတွက် ယခင်နှစ်ကာလတူကထက် ဒေါ်လာ ၆၉ ဒသမ ၉၈၂ သန်းသာ ပိုမိုတင်သွင်းနိုင်ခဲ့ကြောင်းသိရသည်။ COVID-19 အရေးပေါ်ကာလအဖြစ် မတ် ၂၁ ရက်ကစတင်၍ ချစ်ကြည်ရေးတံတားပေါ်မှ ခရီးသည်သွားလာမှုကို ကန့်သတ်ထားသော်လည်း ကုန်စည်စီးဆင်းမှု မပြတ်တောက်စေရေးအတွက် နှစ်နိုင်ငံတာဝန်ရှိသူများ၊ နယ်စပ်ကုန်သည်များကညှိနှိုင်းကာ အမှတ် ၂ ချစ်ကြည်ရေးတံတားမှ ကုန်သွယ်မှုကိုခွင့်ပြုထားခြင်းဖြစ်ကြောင်း သိရသည်။

ထိုင်းနိုင်ငံဘက်သို့ မြန်မာ့လယ်ယာထွက်ကုန် ပြောင်းဆန်များ အခွန်ကင်းလွတ်ခွင့်ဖြင့် တင်ပို့မှုကို ဖေဖော်ဝါရီ ၁ ရက်မှ ဩဂုတ် ၃၁ ရက်ထိသာတင်ပို့ရပြီး ထိုင်းနိုင်ငံအတွင်း ပြောင်းထွက်ချိန်နှင့် တိုက်ဆိုင်သည့်အတွက် နိုင်ငံသားအကျိုးစီးပွား ကာကွယ်သည့်အနေဖြင့် အခွန်နှုန်းများစွာမြင့်ထားခြင်းကြောင့် ယခုအခါ ပြောင်းဆန်များတင်ပို့နိုင်ခြင်းမရှိကြောင်းလည်း သိရသည်။

ကုန်စည်စီးဆင်းမှု မပြတ်လပ်စေရေးအတွက် ကုန်တင်ယာဉ်ကြီးများအား ယာဉ်မောင်းတစ်ဦးနှင့် ယာဉ်နောက်လိုက်တစ်ဦး သွားလာခွင့်ပြုပြီး ဒေသတွင်းစားသောက်ကုန်များ ဈေးနှုန်းမမြင့်တက်စေရေးအတွက် ထိုင်းစားသောက်ကုန်၊ လူသုံးကုန်များကိုလည်း နားလည်မှုအခွန်ပေးဆောင်ပြီး ခေါက်တိုကားလေးများဖြင့် မြဝတီမြို့သို့ တင်သွင်းနေကြသော်လည်း မြန်မာစားသောက်ကုန်နှင့်လူသုံးကုန်ပစ္စည်း ထိုင်းဘက်သို့ တင်သွင်းရာတွင် အကန့်အသတ်များရှိနေကြောင်းသိရသည်။

**Source:** https://news-eleven.com/article/194875

## သီလဝါအထူးစီးပွားရေးဇုန်တွင် ပြည်ပရင်းနှီးမြှုပ်နှံမှု ယခင်ဘဏ္ဍာနှစ်ထက် ကန်ဒေါ်လာ သန်း ၂၀၀ ခန့်လျော့ကျ




၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း သီလဝါအထူးစီးပွားရေးဇုန်မှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန်ဒေါ်လာ ၁၆၃ သန်းကျော်ရရှိထားပြီး ယခင်နှစ်ကာလတူနှိုင်းယှဉ်ပါက သန်း ၂၀၀ ခန့် လျော့ကျခဲ့ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန(DICA)၏ စာရင်းများအရသိရသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ အောက်တိုဘာလ ၁ ရက်မှ စက်တင်ဘာလ ၃၀ ရက်အထိ ခွင့်ပြု/အတည်ပြုပေးခဲ့သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်း ၈ ခုမှ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၁၆၃ ဒသမ ၂၇၇ သန်း ရရှိခဲ့ပြီး ၊

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ကာလတူတွင် ခွင့်ပြု/အတည်ပြုပေးခဲ့သည့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၆ ခုမှ ရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန်ဒေါ်လာ ၃၆၂ ဒသမ ၂၈၀ သန်း ရရှိခဲ့ကြောင်းသိရသည်။ သို့ဖြစ်၍ ယခုဘဏ္ဍာနှစ်အတွင်း နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ခွင့်ပြု/ အတည်ပြုပေးခဲ့သည့်လုပ်ငန်းမှာ ပြီးခဲ့သည့်နှစ် ကာလတူထက် လုပ်ငန်း ၈ ခုလျော့နည်းခဲ့သည့် အပြင် ရင်းနှီးမြှုပ်နှံမှုပမာဏမှာလည်း အမေရိကန်ဒေါ်လာ ၁၉၉ ဒသမ ၀၀၃ သန်း လျော့ကျခဲ့ကြောင်းသိရသည်။

လက်ရှိ အစိုးရသက်တမ်း လေးနှစ်ကျော်ကာလအတွင်း သီလဝါအထူးစီးပွားရေးဇုန်မှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်း ၆၀ မှ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာတစ်ဘီလီယံကျော်ရရှိထားသည်။ သီလဝါအထူးစီးပွားရေးဇုန်သို့ဝင်ရောက်သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများမှာ စက်မှုကဏ္ဍ၊ ကုန်စည်ရောင်းဝယ်ရေးကဏ္ဍ၊ အိမ်ရာနှင့်အဆောက်အအုံ တည်ဆောက် ဖွံ့ဖြိုးမှု ကဏ္ဍ၊ သယ်ယူပို့ဆောင်ရေးနှင့် ထောက်ပံ့ရေးကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍနှင့် ဟိုတယ်ကဏ္ဍတို့ဖြစ်သည်။

**Source:** http://www.fifthwavenews.com/fwn/54532

## ကိုဗစ်ပထမလှိုင်းကြောင့် ပြီးခဲ့သည့်ဇွန်အထိ နလန်မထူနိုင်ခဲ့သည့် မိသားစုလုပ်ငန်း ၈၅ ရာခိုင်နှုန်းကျော်ရှိ

မြန်မာနိုင်ငံတွင် COVID-19 ပထမလှိုင်းကြောင့် ပြီးခဲ့သည့် ဇွန်လအထိ အခြေအနေကောင်းမွန်လာခြင်း မရှိသေးသည့် မိသားစုလုပ်ငန်း အရေအတွက်သည် ၈၅ ရာခိုင်နှုန်းကျော် ရှိနေသည်ဟု ကမ္ဘာ့ဘဏ် စစ်တမ်း အစီရင်ခံစာတွင် ဖော်ပြထားသည်။ ကမ္ဘာ့ဘဏ်သည် Myanmar COVID-19 Monitoring Platformကို ပြီးခဲ့သည့် မတ်လနှင့်မေလတို့တွင် ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။ ရန်ကုန်တိုင်း၊ မန္တလေးတိုင်း၊ ချင်းပြည်နယ်အပါအဝင် နေရပ်ဒေသ ၆ ခုတွင် ရှိသည့် လုပ်ငန်းပေါင်း ၅၀၀ ခန့်ကို စစ်တမ်း ကောက်ယူခဲ့ခြင်းဖြစ်ကာ ကဏ္ဍ ၁၂ ကို အခြေပြုကောက်ယူခဲ့ခြင်းဖြစ်သည်။ စိုက်ပျိုးရေး ကဏ္ဍ ၁၂ ရာခိုင်နှုန်း၊ ကုန်ထုတ်လုပ်ရေး ၃၃ ရာခိုင်နှုန်း၊ အရောင်းအဝယ်ကဏ္ဍ ၁၇ ရာခိုင်နှုန်းနှင့် ဝန်ဆောင်မှု ၃၂ ရာခိုင်နှုန်းပါဝင်ကြောင်း ဖော်ပြထားသည်။

၂၀၂၀ မတ်လနှင့်မေလအတွင်း ဝင်ငွေဆုံးရှုံးခဲ့ရသည့် မိသားစုလုပ်ငန်းများအနက် ဇွန်လထိတိုင်အောင် အခြေအနေ ကောင်းမွန်လာခြင်းမရှိသေးသည့် အရေအတွက်သည် ၈၅ ရာခိုင်နှုန်းကျော်ရှိနေသည်ဟုဆိုထားပြီး အရောင်းကဏ္ဍ လျော့ကျမှုကို ၈၃ ရာခိုင်နှုန်းက တွေ့ကြုံ ခံစားခဲ့ရကြောင်း စစ်တမ်းတွင်ဖော်ပြထားသည်။ အကျိုးအမြတ် ရရှိမှု ကဏ္ဍတွင်လည်း ပထမအကြိမ် စစ်တမ်း ပြုလုပ်ခဲ့သည်နှင့် နှိုင်းယှဉ်ရာတွင်၂၀၂၀ ခုနှစ် မတ်လတွင် စစ်တမ်း ဖြေဆိုသည့် လုပ်ငန်း ၆၉ ရာခိုင်နှုန်းက ထိခိုက် ခံစားရကာ မေလတွင် ၈၁ ရာခိုင်နှုန်းက ခံစားရကြောင်း ဖြေဆိုထားသည်။ COVID-19 ကြောင့် အနှုတ်လက္ခဏာဆောင်သည့် အကျိုးသက်ရောက်မှုကို လုပ်ငန်းပေါင်း ၇၈ ရာခိုင်နှုန်းက ခံစားခဲ့ရကာ ရန်ကုန်တိုင်းဒေသကြီး တွင်းရှိ လုပ်ငန်း ၉၀ ရာခိုင်နှုန်းသည် အကျိုးသက်ရောက်မှု အများဆုံးခံစားရရှိသည်ဟုဆိုသည်။

စစ်တမ်း ဖြေဆိုချက်များအရ COVID-19 ကာလအတွင်း လုပ်ငန်း ၆၇ ရာခိုင်နှုန်းက အစိုးရဆုံးဖြတ်ချက်၊ ပေါ်လစီများကို သဘောပေါက် နားလည်ထားကြပြီး ၁၃ ရာခိုင်နှုန်း ကသာ လိုက်နာဆောင်ရွက်ကြောင်း ဖော်ပြ ပါရှိသည်။ Myanmar COVID-19 Monitoring Platform အတွက် Round 3 ကို ဩဂုတ်လက ကောက်ယူထားပြီး Round 4 ကို စက်တင်ဘာလတွင် လုပ်ဆောင် နေဆဲ ဖြစ်ကြောင်း ကမ္ဘာ့ဘဏ်ကဆိုသည်။ ယခု စစ်တမ်းကောက်ယူမှုသည် ပထမအကြိမ် COVID-19 ကပ်ရောဂါရရှိသည့် ကာလအတွင်း တွေ့ကြုံရရှိမှု အခြေအနေကို ဖော်ပြထားခြင်းဖြစ်ပြီး ဒုတိယအကြိမ် COVID-19 ကူးစက်သည့် ကာလအခြေ အနေများဖြစ်သည့် ဩဂုတ်လနှင့်စက်တင်ဘာလများသည် ပိုမိုများပြားလာဖွယ်ရှိနေသည်။

**Source:** https://myanmar.mmtimes.com/news/144647.html

## တနင်္သာရီတွင် ပုလဲမွေးမြူထုတ်လုပ်ရန် ပြည်တွင်းကုမ္ပဏီတင်ဒါအောင်

တနင်္သာရီတိုင်းဒေသကြီးရှိ ကော့ရဲကြီးကျွန်းဧရိယာတွင် အစိုးရနှင့်ဖက်စပ်ပုလဲမွေးမြူထုတ်လုပ်ရန် ပြည်တွင်းကုမ္ပဏီ Virgin Pearl Enterprise Limited က တင်ဒါအောင်မြင်ခဲ့သည်ဟု မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်းမှ ဒုတိယအထွေထွေမန်နေဂျာ ဦးတေဇာလင်းကပြောသည်။

တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းမြို့နယ်၊ ကော့ရဲကြီးကျွန်း ဧရိယာရှိရေပြင်ဧရိယာ ၅၂၂၀ ဧက၊ မြေပြင်ဧရိယာ ၃၇ ဧက၊ စုစုပေါင်း ၅၂၅၇ဧကတွင် မုတ်ကောင်သားဖောက် မွေးမြူခြင်း၊ မုတ်ကောင် ပြုစုစောင့်ရှောက်ခြင်း၊ ပုလဲမွေးမြူခြင်း၊ ပုလဲဖော်ယူခြင်းလုပ်ငန်းများကို နိုင်ငံပိုင် မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းနှင့်ဖက်စပ်လုပ်ကိုင်ရန် ပြည်တွင်း၊ပြည်ပ လုပ်ငန်းများကို ပြီးခဲ့သည့်ဇူလိုင်တွင် အိတ်ဖွင့်တင်ဒါခေါ်ယူခဲ့သည်။

မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်းသည် မြန်မာ့ပုလဲလုပ်ငန်းဥပဒေနှင့်အညီ ပုလဲမွေးမြူထုတ်လုပ်ရေး လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာရန်ရည်ရွယ်ပြီး ကျွန်းစခန်းအသစ်တွင် ပုလဲမွေးမြူထုတ်လုပ်ရေးဆောင်ရွက်နိုင်ရန် ပုဂ္ဂလိကအား ဖိတ်ခေါ်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်ဟုဦးတေဇာလင်းကပြောသည်။ ကော့ရဲကြီးကျွန်းဧရိယာတွင် ပုလဲမွေးမြူ ထုတ်လုပ်ရေး လုပ်ကိုင်ရန် Virgin Pearl Enterprise Limited သည်ငါးနှစ်အတွင်း စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုကျပ်သန်း ၅၀၀၀ ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ပြီး ကုမ္ပဏီ၏ကိုယ်ပိုင်ငွေဖြင့်သာ ရင်းနှီးမြှုပ်နှံမည်ဟု မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်းက ထုတ်ပြန်ခဲ့သည်။

ယခုကဲ့သို့ နိုင်ငံပိုင်မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်းနှင့် ပုဂ္ဂလိကကုမ္ပဏီတို့ဖက်စပ်စနစ်ဖြင့် ဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းသည် ၂၀၁၆ ခုနှစ်နောက်ပိုင်းပထမဆုံးအကြိမ်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ပုလဲမွေးမြူ ထုတ်လုပ်ရေးလုပ်ငန်းများကိုတနင်္သာရီတိုင်းဒေသကြီးအတွင်း ဆောင်ရွက်လျက်ရှိပြီး နိုင်ငံပိုင် မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းသည်ပြည်တွင်း၊ ပြည်ပကုမ္ပဏီများနှင့် ဖက်စပ်ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံပိုင် ပုလဲမွေးမြူ ထုတ်လုပ်ရေးကျွန်းစခန်းတစ်ခု၊ ပြည်တွင်းဖက်စပ်ကုမ္ပဏီခြောက်ခုမှ ပုလဲမွေးမြူထုတ်လုပ်ရေး ကျွန်းစခန်းခုနစ်ခုနှင့် ပြည်ပဖက်စပ်ကုမ္ပဏီ လေးခုမှ ပုလဲမွေးမြူထုတ်လုပ်ရေး ကျွန်းစခန်း လေးခု၊ စုစုပေါင်းပုလဲမွေးမြူထုတ်လုပ်ရေးကျွန်းစခန်း၁၂ ခု ရှိသည်။

ကော့ရဲကြီးကျွန်း ဧရိယာသည်ကျွန်းစခန်းအသစ် အသစ်တစ်ခုဖြစ်ကာနိုင်ငံတွင်း ပုလဲမွေးမြူထုတ်လုပ်ရေး ဆောင်ရွက်နေသည့် ကျွန်းစခန်းစုစုပေါင်း ၁၃ ခု အထိရှိလာမည်ဖြစ်သည်။ ၂၀၁၆-၁၇ ဘဏ္ဍာနှစ်တွင် ပုလဲပြပွဲမှ ပုလဲရောင်းချရမှု အမေရိကန်ဒေါ်လာ ၅ ဒသမ ၇ သန်း၊ ၂၀၁၇-၁၈ဘဏ္ဍာနှစ်တွင် ပုလဲပြပွဲမှ ပုလဲရောင်းချရမှု အမေရိကန်ဒေါ်လာ ၆ ဒသမ၅သန်း နှင့် ၂၀၁၈-၁၉ ဘဏ္ဍာနှစ်တွင်ပုလဲပြပွဲမှ ပုလဲရောင်းချရမှု အမေရိကန်ဒေါ်လာ ၅ ဒသမ ၃ သန်းရှိခဲ့သည်ဟု သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

**Source:** https://myanmar.mmtimes.com/news/144627.html

## တရုတ်ဈေးကွက်ပို့သည့် ဖရဲသီးဈေး သုံးဆကျော်မြင့်တက်

ယခုနှစ်တွင် ပြည်တွင်း၌ ဖရဲစိုက်ပျိုးမှုနည်းခြင်းကြောင့် တရုတ်သို့တင်ပို့သည့် ဖရဲသီးဈေးသုံးဆခန့်မြင့်တက်လျက် ရှိကြောင်း ဖရဲတင်ပို့ရောင်းချသူများကပြောသည်။ '' တရုတ်ကတော့ ဝယ်လိုအားကောင်းတယ်။ အဓိကကတော့ ဝယ်လိုအားနဲ့ ရောင်းလိုအားပေါ့ '' ဟု မြန်မာနိုင်ငံ ဖရဲသခွားမွေးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးနိုင်ဝင်းကပြောသည်။ COVID-19 ကို စိုးရိမ်သဖြင့် တောင်သူများ ဖရဲအစိုက်နည်းခဲ့ပြီး အထွက်နှုန်းနည်းပါးလျက်ရှိကာ လက်ရှိကာလတွင် တရုတ်သို့နေ့စဉ် ဖရဲကား စီးရေ ၁၅ စီး ဝန်းကျင်သာသွားလျက်ရှိသည်။ ယမန်နှစ်က နေ့စဉ် စီးရေ ၃၀၀ ကျော်သွားရောက်ခဲ့သည့်နှင့်နှိုင်းယှဉ်လျှင် များစွာ လျော့ကျသွားသည်။

ဈေးနှုန်းသည်လည်း မနှစ်က ဖရဲတစ်တန်လျှင် တရုတ်ယွမ် ၁၀,၀၀၁,၂၀၀ ခန့်သာ ရရှိနေသော်လည်း ယခုကာလတွင် တစ်တန်လျှင် ယွမ် ၃၇,၀၀၄,၀၀၀ ဝန်းကျင်ရရှိနေကြောင်း ဖရဲလုပ်ငန်းရှင်တို့ကဆိုသည်။ ထိုသို့ ဖရဲဈေးနှုန်းများ မြင့်တက်နေသကဲ့သို့ COVID-19 ကာလ ထောက်ခံစာယူရသည့် အခြေအနေ၊ သွားလာရေး ခက်ခဲမှုများကြောင့် မူဆယ်သို့တင်ပို့သည့် ကားခဈေးနှုန်းမှာလည်း မြင့်တက်လျက်ရှိသည်။ ယခင်က ကျပ် ၆ သိန်းကျော်ပေးနေရာမှ လက်ရှိတွင် ကျပ် ၁၀ သိန်းခန့် ပေးနေရကြောင်း မူဆယ်အခြေစိုက် စိုင်းမြင့်ဗိုလ်ပွဲရုံမှ ဦးစိုင်းမြင့်ဗိုလ်ကဆိုသည်။ ''ကားခက ထောက်ခံစာယူရမယ်ဆိုတော့ ဈေးတက်တယ်။ တချို့ကားတွေကလည်း မလာချင်ဘူးပေါ့။ ကုန်စိမ်းဆိုတော့ အရေးတကြီးတင်ဖို့ကလည်းလိုတော့ ကားခကတော့တက်သွားတယ်။ ကိုက်ပါတယ်။ ဖြစ်အောင် စိုက်နိုင်သူတွေအတွက်က ကိုက်ပါတယ် '' ဟု ၎င်းကပြောသည်။

ပြည်တွင်း ဖရဲစိုက်ပျိုးမှုသည် COVID-19 ဖြစ်၍ တရုတ်ပြည် ဈေးကွက်ပိတ်နိုင်သည်ဆိုသော စိုးရိမ်စိတ်များနှင့်အတူ အစိုက်နည်းခဲ့ပြီး ယခင်ကထက် သုံးပုံတစ်ပုံသာ စိုက်ပျိုးခဲ့ရာ ဖရဲသီးရှားသောကြောင့် ဈေးကောင်းရရှိခြင်းလည်းဖြစ်သည်။ ထို့အတွက် လက်ရှိကာလတွင်မှ ဖရဲစိုက်ပျိုးမှု များလာနေကြောင်း လုပ်ငန်းရှင်များကပြောသည်။ တရုတ်နိုင်ငံတွင်လည်း ဖရဲအထွက်နှုန်းနည်းမှုနှင့် မြန်မာပြည်တွင်း ဖရဲစိုက်ပျိုးမှုနည်းမှုတို့ တိုက်ဆိုင်နေရာ တရုတ်ဝယ်လက်များကရသမျှ အကုန်ယူနေကြောင်း ဖရဲတင်ပို့သူများကဆိုသည်။ ''အစိုက်နည်းတော့ ကားလေးက နည်းနည်းလေးလာတော့ သူတို့ကလုဝယ်နေရတာပေါ့။ ဈေးကမြောက်သွားတာပေါ့။ အရင်က ကားများတော့ နှိမ်ဝယ်တာပေါ့။ အခုက နှိမ်ဝယ်လို့မရတော့ဘူး '' ဟု ဦးနိုင်ဝင်းကဆိုသည်။

၂၀၁၉ ခုနှစ်တွင် မြန်မာနိုင်ငံက ဖရဲသီးတန်ချိန် ၈ သိန်းခန့် စိုက်ပျိုးထွက်ရှိခဲ့ပြီး အားလုံးနီးပါး တရုက်ကိုတင်ပို့ခဲ့ရကြောင်း၊ ပြည်တွင်းစားသုံးမှုမှာ တန်ချိန် ၂ သိန်းပင် မရှိသည့်အတွက် ဖရဲစိုက်တောင်သူအများစုမှာ တရုတ်ဈေးကွက်ကိုသာ မှီတည်နေရကြောင်း၊ လက်ရှိဈေးကောင်းရရှိနေသော်လည်း နောက်ပိုင်းစိုက်ပျိုးမှုများပြီး တင်ပို့မှုများလာလျှင် ဈေးနှုန်းအခြေအနေ မှန်းဆရခက်သည်ဟု လုပ်ငန်းရှင်တို့ကဆိုသည်။

**Source:** https://myanmar.mmtimes.com/news/144613.html

## STOCK EXCHANGE (7.10.2020)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 7th Oct. 2020

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 10,500 | +500 | +5.00% | 10,000 | 10,500 | 10,000 | 611 | 6,110,500 | 27,112,747 | 284,684 |
| MTSH | 00002 | 3,750 | +50 | +1.35% | 3,750 | 3,750 | 3,750 | 32 | 120,000 | 38,929,150 | 145,984 |
| MCB | 00003 | 8,100 | +0 | +0.00% | 8,100 | 8,100 | 8,100 | 2 | 16,200 | 10,400,986 | 84,248 |
| FPB | 00004 | 22,000 | +0 | +0.00% | 22,000 | 22,000 | 22,000 | 2,161 | 47,542,000 | 2,472,053 | 54,385 |
| TMH | 00005 | 2,750 | +0 | +0.00% | 2,750 | 2,750 | 2,750 | 71 | 195,250 | 12,823,224 | 35,264 |
| EFR | 00006 | 3,100 | +50 | +1.64% | 3,100 | 3,100 | 3,100 | 100 | 310,000 | 19,977,223 | 61,929 |


### Market summary

As of 7th Oct. 2020

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 447.93 | +11.09 | +2.54% | 436.84 | 447.93 | 436.84 | 2,977 | 54,293,950 | 6 | 666,494 |

**Index chart**



## Market Overview

As of 11:30 am, 7th Oct. 2020

| MYANPIX | 438.14<br>▲ 1.30 |
|---|---|
| Total Volume (shares) | 2,849 |
| Total Value (MMK) | 54 mil |
| Listed Company | 6 |
| Market Cap. (MMK) | 651,939 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 10,000 | ▲ 0 |
| MTSH | 00002 | 3,750 | ▲ 50 |
| MCB | 00003 | 8,100 | ▲ 0 |
| FPB | 00004 | 22,000 | ▲ 0 |
| TMH | 00005 | 2,750 | ▲ 0 |
| EFR | 00006 | 3,050 | ▲ 0 |

TIR